ဗဟိုစည်းရုံးရေးကော်မတီဗမာပြည်ကွန်မြူနစ်ပါတီ

CENTRAL ORGANIZING COMMITTEE, COMMUNIST PARTY OF BURMA

သို့

ပြည်သူ့လွတ်မြောက်ရေးတပ်ဖွဲ့

ရဲဘော်တို့

ခင်ဗျားတို့၏ သဝဏ်လွှာတောင်းဆိုမှုအပေါ် လေးစားစွာ ပြန်ကြားအပ်ပါသည်။

ရဲဘော်တို့ ဖော်ပြထားသည့် (၁) စစ် ၃ စစ် အမြစ်ဖြတ်ရေး (၂) ဒီမိုကရေစီရေး (၃) အဖိနှိပ်ခံ ပြည်သူတရပ်လုံး လွတ်မြောက်ရေး (၄) ငြိမ်းချမ်းရေး (၀) ပြည်တွင်း ငြိမ်းချမ်းရေးဟူသော မူဝါဒ ၄ ရပ် ချမှတ် ကိုင်စွဲထားသည်ကို တွေ့ရ၍ အားရမိပါသည်။

ဆက်၍ပြောလိုသည်မှာ ဤ ၃ နှစ်တာခရီးကြမ်းတွင် ရဲဘော်တို့တတွေ ကြိုးစား ရုန်းကန်တိုက်ပွဲဝင်ရင်း ခိုင်မြဲလာနေသည်ကို အသိအမှတ်ပြုလိုပါသည်။ ဂုဏ်ပြုလိုက်ပါသည်။

ရဲဘော်တို့အနေနှင့် လက်ရှိချမှတ်ထားသောမူဝါဒ (၄) ရပ်ကို အကောင်အထည် ဖော်နိုင်သည်အထိ (ရန်သူကို လျှော့မတွက်ဘဲ) ဆက်လက်တိုက်ပွဲဝင်သွားနိုင်ပါစေဟုလည်း ဆန္ဒပြုပါသည်။

မိမိတို့အနေဖြင့်မူ ဘုံရန်သူဦးတည်တိုက်ရေးအတွက် "တူတာတွဲလုပ် မတူတာခွဲလုပ်" ဆိုသည့် တပ်ပေါင်းစုမူအရ ဘုံရန်သူကို ဆန့်ကျင်တော်လှန်နေသည့် အင်အားစုတိုင်းအပေါ် မဟာမိတ်အဖြစ် သဘောထားသည့်ပေါ်လစီ ချမှတ်ကျင့်သုံး နေပါကြောင်း အသိပေးလိုက်ပါသည်။

တော်လှန်သောနှုတ်ဆက်ခြင်းဖြင့်

ပါတီဗဟို

ဗမာပြည်ကွန်မြူနစ်ပါတီ

၂၅ - ၆ - ၂၀၂၄